ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်
{ နည်းဥပဒေ ၁၇(ဃ) }
ခုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်မြို့
အငြင်းပွားမှုအမှတ် ( ၄၉ / ၂၀၂၂ )

| | | |
|---|---|---|
| ဦးတင်အောင် (ခ) Krishna ( အလုပ်သမား )<br>အမှတ် (၃၆)၊ အောင်တော်မူလမ်း၊ စမ်းချောင်းမြို့နယ်။<br>၀၉ - ၂၅၀ ၀၈၁ ၀၄၂ | } | နစ်နာ၍တောင်းဆိုသူ |
| နှင့် | | |
| Mr. Arora Gulshan ( Country Head )( အလုပ်ရှင်ပိုင်ရှင် )<br>Dr. Reddy's Laboratories Ltd (Yangon Branch )<br>ဦးအောင်မျိုးကျော် ( ဥပဒေအကြံပေး )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အခန်း ( F1 – F5 )၊ အဆောင်-အေ၊ ပုလဲကွန်ဒို၊<br>ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။<br>၀၉ - ၉၇၇ ၈၁၂ ၁၂၀ | } | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၂ ခု နှစ်၊ အောက်တိုဘာ လ ၂၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ အဆောင်-အေ၊ အခန်း ( F1 – F5 )ရှိ Dr. Reddy's Laboratories Ltd (Yangon Branch ) အလုပ်ရှင် Mr. Arora Gulshan ( Country Head )၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးအောင်မျိုးကျော် ( ဥပဒေအကြံပေး ) နှင့် အလုပ်သမား ဦးတင်အောင် (ခ) Krishna ( ယာဉ်မောင်း )တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဗဟန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယာဉ်မောင်း အလုပ်သမား ဦးတင်အောင် (ခ) Krishna သည် Dr. Reddy's Laboratories Ltd (Yangon Branch ) တွင် ယာဉ်မောင်းတာဝန်ထမ်းဆောင်ခဲ့ရာ ၆-၅-၂၀၂၂ ရက်နေ့မှစ၍ ယာဉ်မောင်းတာဝန်မှ နားခွင့်ပြုပါရန် ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ကုမ္ပဏီသို့ တင်ပြခဲ့ခြင်းကြောင့် ကုမ္ပဏီမှ ဦးတင်အောင် (ခ) Krishna အား ကရုဏာကြေးအဖြစ် နစ်နာကြေး (၃)လစာနှင့် နို့တစ်ကြေးတစ်လစာ၊ စုစုပေါင်း (၄)လစာပေးခဲ့သော်လည်း ဦးတင်အောင် (ခ) Krishna မှ နစ်နာကြေးရရှိမှုနည်း၍ နစ်နာကြေးအပြည့်အဝရလိုသဖြင့် ဗဟန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၄)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ တောင်းဆိုသူ ယာဉ်မောင်း အလုပ်သမား ဦးတင်အောင် (ခ) Krishna တောင်းဆိုသော နစ်နာကြေးအပြည့် ရသင့် / မရသင့်။

တွေ့ရှိချက်

၄။ ယာဉ်မောင်း အလုပ်သမား ဦးတင်အောင် (ခ) Krishna ကိုယ်စား ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းစန်း၊ သမီးဖြစ်သူ ဒေါ်အိသန္တာအောင်တို့မှ ထွက်ဆိုတင်ပြရာတွင် ဦးတင်အောင် (ခ) Krishna သည် Dr. Reddy's Laboratories Ltd (Yangon Branch )၌ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလတွင် ယာဉ်မောင်းရာထူးဖြင့် စတင်လုပ်ကိုင်ခဲ့ပြီး လစာရရှိမှုမှာ ၁၉၉၈ ခုနှစ်တွင် ကျပ် ၁၆,၀၀၀/- ၊ ၂၀၀၁ ခုနှစ်တွင် FEC ၅၀ နှင့်ညီမျှသော မြန်မာငွေ ကျပ် ၅၀,၀၀/- တို့ကို ရရှိခဲ့ပါကြောင်း၊ ယခု လက်ရှိလစာမှာ USD $ 710 နှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ရရှိခဲ့ပါကြောင်း၊ ကုမ္ပဏီမှ နားလေး၊ မျက်စိမှုန်၊ ကျန်းမာရေးမကောင်းခြင်းဟုဆို၍ ၅-၅-၂၀၂၂ ရက်နေ့၊ ညနေပိုင်းတွင် အလုပ်မှရပ်စဲခဲ့ပါကြောင်း တင်ပြထွက်ဆိုပါသည်။

၅။ ၃၁-၅-၂၀၂၂ ရက်နေ့တွင် ကုမ္ပဏီမှ USD $ 710 ဖြင့်နစ်နာကြေး (၃)လစာ USD $ 2130 ၊ နို့တစ်ကြေးတစ်လစာ USD $ 710 ၊ (၅)ရက်လုပ်အားခ USD $ 115 ၊ စုစုပေါင်း USD $ 3590 ဖြင့် မြန်မာကျပ်ငွေနှင့်ညီမျှသော ကျပ် ၆,၆၄၁,၅၀၀/- ၊ အဆိုပါ ငွေမှ Tax ၂၀၄,၆၁၀/- နှင့် လူမှုဖူလုံရေးထည့်ဝင်ကြေး ကျပ် ၆,၀၀၀/- စုစုပေါင်း ကျပ် ၂၁၀,၆၁၀/- တို့ကိုဖြတ်တောက်ပြီး ကျန်ငွေကျပ် ၆,၄၃၀,၈၉၀/- အား ဦးတင်အောင်၏ Bank Account တွင် ထည့်ပေးခဲ့ပါကြောင်း၊

ယခုအထိထုတ်ယူခြင်း မရှိသေးပါကြောင်း၊ ဦးတင်အောင်သည် ၁၉၉၈ ခုနှစ်တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်စဉ်ကတည်းက Dr. Reddy's Laboratories Ltd (Yangon Branch )တွင် လုပ်ကိုင်ခဲ့ခြင်းဖြစ်၍ Hero International Enterprise Limited ကို မသိခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကုမ္ပဏီမှ ဦးတင်အောင်အား လုပ်သက် (၁၀)နှစ်ကျော် ဂုဏ်ပြုမှတ်တမ်းပေးခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ချုပ်ဆိုခဲ့သော အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )တွင် အလုပ်စတင်ဝင်ရောက်ခဲ့သည့် အလုပ်ဝင်ရက်စွဲမှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၊ (၁)ရက်နေ့ကို ဦးတင်အောင်မှ ဖတ်ကြားခြင်းမရှိဘဲ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလဟု ပြင်ပေးပါရန် ကုမ္ပဏီသို့ မပြောခဲ့ပါကြောင်း၊ ယခုလက်ရှိ Dr. Reddy's Laboratories Ltd (Yangon Branch )၏ အလုပ်ရှင်မှာ Mr. Gulshan Arora ဖြင့် ၂၀၁၆ ခုနှစ်မှ ၅-၅-၂၀၂၂ ရက်နေ့အထိ လုပ်ကိုင်ခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အလုပ်ရှင် (၃)ဦး ပြောင်းလဲပြီးလုပ်ကိုင်ခဲ့ခြင်းတို့ကို တောင်းဆိုလွှာတွင် တင်ပြခဲ့ကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၇။ ဦးတင်အောင် (ခ) Krishna အနေဖြင့် ၁၉၉၈ ခုနှစ်ကတည်းက အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းကြောင့် လုပ်သက် (၂၀)နှစ်မှ (၂၅)နှစ်အတွင်းရှိ၍ နစ်နာကြေး (၁၀)လစာရရှိမည်ဖြစ်သဖြင့် အလုပ်ရှင်မှပေးသော နစ်နာကြေး (၃)လစာမှာ နည်းသဖြင့် ကျန်ရှိသော နစ်နာကြေး (၇)လစာ ခံစားရရှိလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၈။ အလုပ်ရှင်ကိုယ်စား ဦးအောင်မျိုးကျော် ( ဥပဒေအကြံပေး )က ထွက်ဆိုတင်ပြရာတွင် Dr. Reddy's Laboratories Ltd (Yangon Branch )ကို ၂၀၀၇ ခုနှစ်၊ မေလ၊ (၁၄)ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်း၊ အလုပ်ရှင်မှာ Mr. Gulshan Arora ဖြစ်ပါကြောင်း၊ အလုပ်သမား (၈၉)ဦးဖြင့် ဆေးဝါးဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ပါကြောင်း၊ Hero International Enterprise Limited ကုမ္ပဏီမှ ဆေးဝါးများကို Dr. Reddy's Laboratories Ltd (Yangon Branch )မှ ဖြန့်ဖြူးရောင်းချပေးရသော ကုမ္ပဏီဖြစ်ပါကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

၉။ ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna အား Dr. Reddy's Laboratories Ltd (Yangon Branch )မှ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )ဖြင့် ၁-၁၁-၂၀၁၅ ရက်နေ့တွင် ယာဉ်မောင်းရာထူးဖြင့် ခန့်အပ်ခဲ့ပြီး လစာ USD $ 710 ပေးခဲ့ပါကြောင်း၊ ၁၉၉၈ ခု

နှစ်က Hero International Enterprise Limited မှ ခန့်ထားကြောင်းအား သိရှိရပါကြောင်း၊ Dr. Reddy's Laboratories Ltd (Yangon Branch )အား ၂၀၀၇ ခုနှစ်တွင်မှသာ စတင်လုပ်ကိုင်ခဲ့ပြီး လိုအပ်သည့်ယာဉ်မောင်းများကို Hero International Enterprise Limited မှ ခေါ်ခိုင်းခဲ့ပါကြောင်း၊ ၎င်းတို့အထဲတွင် ဦးတင်အောင် (ခ) Krisha လည်း ပါဝင်ခဲ့ပါကြောင်း၊ ဦးတင်အောင်သည် လူကြီးများ၏ကားများကိုသာ မောင်းနှင်လုပ်ကိုင်ခဲ့ရပါကြောင်း၊ ဦးတင်အောင်မှ ၎င်းကိုယ်တိုင် နှုတ်ဖြင့် Dr. Reddy's Laboratories Ltd (Yangon Branch )သို့ လာရောက်ရန် လျှောက်ထားခြင်းဖြစ်ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )သက်တမ်းသည် ၆-၁-၂၀၀၀ မှ ၅-၁-၂၀၂၂ ရက်နေ့အထိဖြစ်၍ ယခု သက်တမ်းကုန်ဆုံးနေခြင်းဖြစ်ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၁၀။ Dr. Reddy's Laboratories Ltd (Yangon Branch )သည် Hero International Enterprise Limited နှင့် ရှယ်ယာမတူသကဲ့သို့ အလုပ်ရှင်လည်း မတူပါကြောင်း၊ Hero International Enterprise Limited မှ ဆေးဝါးများယူပြီး Dr. Reddy's Laboratories Ltd (Yangon Branch )မှ ဖြန့်ဖြူးရောင်းချခြင်းသာဖြစ်ပါကြောင်း၊ ၅-၅-၂၀၂၂ ရက်နေ့တွင် ဦးတင်အောင်ကိုယ်တိုင် ၆-၅-၂၀၂၂ ရက်နေ့မှစတင်၍ ယာဉ်မောင်းရာထူးမှ နားခွင့်ပြုပါရန်စာကို ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး တင်ပြခဲ့ပါကြောင်း၊ ကုမ္ပဏီမှ ဦးတင်အောင် (ခ) Krishna အား ကရုဏာကြေးအဖြစ် နစ်နာကြေး (၃)လစာနှင့် နို့တစ်ကြေးတစ်လစာ၊ စုစုပေါင်း (၄)လစာနှင့် လုပ်အားခကျန်ငွေများကို ပေးခဲ့ပါကြောင်း၊ Dr. Reddy's Laboratories Ltd (Yangon Branch)အနေဖြင့် ဦးတင်အောင်အား နောက်ထပ်နစ်နာကြေးပေးရန် ဆန္ဒမရှိပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၁၁။ Hero International Enterprise Limited သည် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ၊ (၁၀) ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုရရှိပြီး Dr. Reddy's Laboratories Ltd(Yangon Branch) အား ၂၀၀၇ ခုနှစ်၊ မေလ၊ (၁၄)ရက်နေ့မှ ကုမ္ပဏီမှတ်ပုံတင် ခွင့်ပြုမိန့်ရရှိသည့်အတွက် ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna အလုပ်စတင်ဝင်ရောက်လုပ်ကိုင်သည့်နေရာသည် Hero International Enterprise Limited ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ ၂၀၂၀ ပြည့်နှစ်၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )တွင် ယာဉ်မောင်း ဦးတင်အောင် အလုပ်စတင်ဝင်ရောက်သည့်ရက်စွဲမှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၊ (၁)ရက်ဟု ရေးသားထားခြင်းအပေါ် ဦးတင်အောင် လက်မှတ်ရေးထိုးထားခြင်းကြောင့် ၂၀၁၅

ခုနှစ်တွင် Dr. Reddy's Laboratories Ltd (Yangon Branch)တွင် စတင်ဝင်ရောက်လုပ်ကိုင်သည်ဟု သုံးသပ်ရရှိပါသည်။

၁၃။ Dr. Reddy's Laboratories Ltd (Yangon Branch) ၏ အလုပ်ရှင် Mr. Gulshan Arora သည် ၂၀၁၆ ခုနှစ်မှ ၅-၅-၂၀၂၂ ရက်နေ့အထိဖြစ်ပြီး၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အလုပ်ရှင် (၃)ဦးဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် ယခုအငြင်းပွားမှု၏ နစ်နာကြေးတောင်းခံသည့် အလုပ်ရှင်သည် Mr. Gulshan Arora ဖြစ်၍ ၎င်းနှင့် သက်ဆိုင်သည့်ခုနှစ်အတွင်း ဖြစ်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၄။ ဦးတင်အောင် (ခ) Krishna သည် ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ယာဉ်မောင်းရာထူးအား ၆-၅-၂၀၂၂ ရက်နေ့မှစတင်၍ နားခွင့်ပြုပါရန် တင်ပြထားခြင်းကြောင့် မိမိကိုယ်တိုင် အလုပ်မှ နုတ်ထွက်သည်ဟု သုံးသပ်ရရှိပါသည်။

၁၅။ Dr. Reddy's Laboratories Ltd (Yangon Branch) အလုပ်ရှင် Mr. Gulshan Arora လက်ထက်တွင် ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna သည် ၁-၁၁-၂၀၁၅ ရက်နေ့မှ ၅-၅-၂၀၂၂ ရက်နေ့အထိ လုပ်သက် (၆)နှစ် (၆)လရှိသည့်အတွက် အကြောင်းမဲ့အလုပ်မှထုတ်ပယ်ခံရပါက နစ်နာကြေး (၅)လစာ ရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် ဦးတင်အောင်သည် မိမိကိုယ်တိုင်လက်မှတ်ရေးထိုးပြီး နုတ်ထွက်ခွင့်တင်ပြခဲ့ခြင်းကြောင့် ဥပဒေနှင့်အညီ နစ်နာကြေး မရသင့်သော်လည်း အလုပ်ရှင်မှ ကရုဏာကြေးငွေအဖြစ် နစ်နာကြေး (၃)လစာနှင့် နို့တစ်ကြေး (၁)လစာ၊ စုစုပေါင်း (၄)လစာပေးပြီးဖြစ်၍ နောက်ထပ်တစ်စုံတစ်ရာ ရထိုက်ခွင့်မရှိဟု သုံးသပ်ရရှိ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ တောင်းဆိုသူ ယာဉ်မောင်း အလုပ်သမား ဦးတင်အောင် (ခ) Krishna တောင်းဆိုသောနစ်နာကြေး ရထိုက်ခွင့် မရှိကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောဟင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်